# အစီရင်ခံစာ
# အကျဉ်းချုပ်

**"ပေါက်ကွဲသံကြားလိုက်ရတယ်၊ စစ်သားတွေက စပြီးပစ်တယ်။ တစ်ညလုံးနီးပါးပဲ ပစ်နေတယ်။ နေထွက်လာတော့ ကျွန်မတို့ ထွက်ပြေးလာကြတယ်။ ကျွန်မပြန်တော့ ပြန်ချင်တယ်၊ ဒါပေမယ့် ဒီလိုပဲ ထပ်ဖြစ်ဦးမှာ ကြောက်တယ်။ စစ်တပ်ရဲ့ ရန်က ဘယ်သူမှ ကျွန်မတို့ကို မကယ်နိုင်ကြဘူး။"**
ဘူးသီးတောင်မြို့နယ်မှ အသက် ၃၃နှစ်အရွယ် ရခိုင်အမျိုးသမီး၊ ၎င်း၏ ရွာကို အစိုးရစစ်တပ်က ၂၀၁၉ ဖေဖော်ဝါရီလအတွင်း တိုက်ခိုက်ခဲ့သည်။ ၂၀၁၉ မတ်လ ၃၀ရက်နေ့က တွေ့ဆုံမေးမြန်းခဲ့သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရက္ခိုင့်တပ်မတော် (အေအေ) က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲစခန်းလေးခုကို တစ်ပြိုင်နက်တည်း တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရခဲ့သည်။ ပြီးခဲ့သည့် လပေါင်းများစွာကတည်းက အေအေအဖွဲ့နှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲလေးများ တစတစ တိုးမြင့်ဖြစ်ပွားနေခဲ့ရာမှ ယခုတိုက်ခိုက်မှုကြောင့် တိုက်ပွဲ၏ အရှိန်အဟုန် ကြီးမားစွာ ဖြစ်ပေါ်လာခဲ့သည်။

ယင်းအချိန်မှစ၍ ၂၀၁၆ အောက်တိုဘာလနှင့် တစ်ဖန် ၂၀၁၇ ဩဂုတ်လမှ စတင်ပြီး ရိုဟင်ဂျာများအပေါ် စစ်တပ်က ရက်စက်စွာတိုက်ခိုက်ခဲ့သော ရခိုင်ပြည်နယ်တွင် ကြီးမားသော ပဋိပက္ခကြီးတစ်ရပ်ဖြစ်ပေါ်လာခဲ့သည်။ အေအေ၏ တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် အစိုးရပြောခွင့်ရပုဂ္ဂိုလ်က အေအေအား ချေမှုန်းရန် တပ်မတော်အား ညွှန်ကြားထားကြောင်း ထုတ်ပြောခဲ့သည်။ တပ်မတော်မှ ယင်းဒေသအတွင်းသို့ နောက်ထပ် စစ်တပ်အင်အားများစွာ ဖြည့်တင်းချထားခဲ့ပြီး အာဏာပိုင်များကလည်း ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ရခိုင်ပြည်နယ်အတွင်းပေးအပ်နေသော လူသားချင်းစာနာသည့် အကူအညီပေးနေမှုများကို

ရပ်ဆိုင်းထားခဲ့သည်။ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း လများတွင် တပ်မတော်နှင့် အေအေအဖွဲ့တို့အကြား တိုက်ပွဲများ ပိုမိုပြင်းထန်စွာ ပုံမှန်ဖြစ်ပွားလာခဲ့သည်။ မြန်မာနိုင်ငံတွင် ဖြစ်လေ့ရှိသည့်အတိုင်း ယင်းကဲ့သို့ အခြေအနေမျိုးတွင် အရပ်သားများမှာ အထိအနာဆုံးဖြစ်ခဲ့သည်။

ဤအစီရင်ခံစာက ၂၀၁၉ ဇန်နဝါရီလ ၄ ရက်နေ့မှ စ၍ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာရေးဥပဒေများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားပါသည်။ ယင်းချိုးဖောက်မှုများတွင် အများစုကြီးကို မြန်မာစစ်တပ်က ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ မှတ်တမ်းပြုစုရန်အတွက် ဇန်နဝါရီလမှ မေလအတွင်း သုတေသနပြုစုရာတွင် ပဋိပက္ခကြောင့် တိုက်ရိုက်ခံစားခဲ့ရသူ ၈၁ ဦးကို မေးမြန်းခဲ့သည်။ ယင်းတို့အထဲမှ ၅၄ ဦးကို ၂၀၁၉ခုနှစ် မတ်လအတွင်းက ရခိုင်ပြည်နယ်ထဲတွင် တွေ့ဆုံမေးမြန်းခဲ့ပြီး နောက်ထပ် ၂၇ ဦးကို တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာကူညီရေး အဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်း လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် တိုက်ပွဲအကြောင်း သတင်းရယူ ဖော်ပြနေသော သတင်းသမားများ ကိုလည်း မေးမြန်းခဲ့ပါသည်။ ထို့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သော ဓာတ်ပုံများ၊ ဗီဒီယိုများကို လေ့လာခဲ့ပြီး တိုက်ပွဲများဖြစ်ပွားရာဒေသကို ပြနေသော ဂြိုဟ်တုဓာတ်ပုံများကိုလည်း လေ့လာဆန်းစစ်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာချက်အရ စစ်တပ်သည် အရပ်သားများနေထိုင်ရာ ဒေသများအတွင်းသို့ မခွဲမခြား ပစ်ခတ်တတ်သည့်အတွက် အရပ်သားများ သေကြေ ဒဏ်ရာရခြင်း၊ အိုးအိမ်များ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ရကြောင်းတွေ့ရသည်။ ယင်းသို့ ပစ်ခတ်မှုများကြောင့် ဒဏ်ရာရခဲ့သော အရပ်သားများအား ဆေးကုသခွင့်ကိုလည်း စစ်သားများက ပိတ်ပင်တတ်သဖြင့် အခြေအနေပို၍ ဆိုးဝါးသွားရတတ်ကြောင်းလည်း တွေ့ရသည်။ ဇန်နဝါရီလနှောင်းပိုင်းက တပ်မတော်နှင့် အေအေအဖွဲ့တို့အကြား တိုက်ပွဲအတွင်း ရသေ့တောင်မြို့နယ် သမီးလုကျေးရွာအတွင်းသို့ မော်တာကျည်ဆံကျရောက်ပြီး အသက် ၇ နှစ်အရွယ်ယောကျာ်းလေးတစ်ဦး အသက်ဆုံးခဲ့သည်။ မော်တာကျည်ထိမှန်ပြီး အပြင်းအထန် ဒဏ်ရာရသွားသော ကလေးငယ်ကို နာရီအတော်ကြာပြီးမှ စစ်သားများက မိသားစုကို ဆေးရုံပို့ခွင့်ပြုခဲ့ပြီး ကလေးမှာ နောက်တစ်နေ့တွင် သေဆုံးသွားခဲ့သည်။ ဧပြီလဆန်းပိုင်းက နောက်ထပ် ဖြစ်ရပ်တစ်ခုတွင် ဘူးသီးတောင်မြို့နယ် စိုင်းဒင်ရေတံခွန်အနီးတောအုပ်ထဲတွင် ဝါးခုတ်နေသော ရိုဟင်ဂျာများအား စစ်ရဟတ်ယာဉ်တစ်စီးမှ ပစ်ခတ်ခဲ့သဖြင့် အနည်းဆုံး အရပ်သား ခြောက်ဦးသေဆုံးပြီး ၁၃ ယောက် ဒဏ်ရာရခဲ့သည်။ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့သော ရိုဟင်ဂျာတစ်ယောက်က အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ယခုလို ပြန်ပြောပြခဲ့ပါသည်။ "ရဟတ်ယာဉ်က တောင်တွေနောက်ဖက်က ထွက်လာတာ၊ မိနစ်ပိုင်းပဲ ကြာမယ်၊ ဒုံးကျည်တွေနဲ့ စပစ်တယ်။ ကျွန်တော်လည်း အသက်လုပြီး ထွက်ပြေးရတယ်။ ငါသေသွားရင်ဘယ်လိုလုပ်မလဲ၊ မိသားစုက ဘယ်လို ဖြစ်မလဲဆိုတာ ပြေးရင်းနဲ့ တွေးနေမိတယ်။"

မြန်မာလုံခြုံရေးတပ်များသည် အရပ်သားများကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အဓိက ဖမ်းခံရသူများမှာ အရွယ်ရောက်ပြီးသော ရခိုင်အမျိုးသားများ ဖြစ်ပြီး ၎င်းတို့ကို ရခိုင်လူမျိုးဖြစ်သည့်အတွက်ကြောင့် အေအေနှင့် ဆက်စပ်မှုရှိသည်ဟူသော ယူဆချက်နှင့် ပစ်မှတ်ထားခံခဲ့ရပုံပေါ်ပါသည်။ တိုက်ပွဲများ ဖြစ်နေသည့် ဒေသများနှင့် မကြာခင်က ဖြစ်ခဲ့သည့်ဒေသများတွင် စိတ်ထင်သလို ဖမ်းဆီးမှုများ ဖြစ်လေ့ရှိသည်။ ဖမ်းဆီးခံရသူများထံမှ အေအေနှင့် ပတ်သက်သည့် သတင်းအချက်အလက်ရရှိရန် ကြိုးပမ်းသည့်အနေနှင့် ၎င်းတို့အား နှိပ်စက်ညှဉ်းပန်းမှုများလည်း ရှိတတ်သည်။ ၂၀၁၉ ခု မေလ အစောပိုင်းက

ရသေ့တောင်မြို့နယ် ကျောက်တန်းရွာမှ ဖမ်းဆီးခံထားရသော ရွာသားရာကျော်ထဲမှ ခြောက်ဦးကို စစ်တပ်က ပစ်သတ်ခဲ့သည်။

ဖေဖော်ဝါရီလလယ်ကလည်း မြိုတိုင်းရင်းသားတစ်ဦးနှင့် ရခိုင်ငါးဦးတို့ ဖမ်းဆီးခံရပြီး ပျောက်ဆုံး သွားခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သည်။ မျက်မြင်သက်သေ အမျိုးသမီးတစ်ဦးက ၎င်းတို့ ခြောက်ဦးထဲမှ တစ်ဦးကို စစ်တပ်က ဖမ်းထားကြောင်း နောက်ဆုံးတွေ့ခဲ့ရသည်ဟု ပြောပြသည်။ ယင်းအချိန်ကတည်း ပျောက်ဆုံးနေသူများ၏ သတင်းအစအနကို မိသားစုများက မရခဲ့တော့ပါ။ မိသားစုဝင်တစ်ဦးက "သူ့အကြောင်း သတင်းရချင်တယ်။ ဘာဖြစ်သွားလဲဆိုတာ သိချင်တယ်။ သူသေသွားပြီဆိုရင်တောင် ကျွန်မအကျိုးအကြောင်း သိရဖို့လိုပါတယ်" လို့ ပြောပါတယ်။

ရွာများတွင်းသို့ ဝင်၍ အိမ်များတွင် အေအေတပ်သားများကို ရှာဖွေရာတွင် မြန်မာစစ်သားများသည် အိမ်များတွင်းမှ ပစ္စည်းများနှင့် ရွှေ၊ အိမ်မွေးတိရိစ္ဆာန်၊ အစားအသောက်၊ ဆိုလာလျှပ်စစ် ပစ္စည်းစသော အဖိုးတန်ပစ္စည်းများကို လုယက်ယူငင်သွားတတ်ကြသည်။ အချို့ဖြစ်ရပ်များတွင် စစ်သားများ ယင်းကဲ့သို့ ယူငင်နေသည်ကို ရွာသားများတွေ့ကြပြီး အချို့ဖြစ်ရပ်များတွင် စစ်ပွဲမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသူများ ၎င်းတို့နေအိမ်များသို့ ပြန်အလာတွင် အိမ်မှ ပစ္စည်းများ လုယက် ယူငင်ဖျက်ဆီးခံခဲ့ရကြောင်း တွေ့ရှိရခြင်းဖြစ်သည်။

မြန်မာစစ်တပ်သည် ဆယ်စုနှစ်ပေါင်းများစွာ ၎င်းတို့အသုံးပြုခဲ့သော နည်းလမ်းများအတိုင်း အရပ်သားများကို လက်နက် ခဲယမ်းများ၊ ရိက္ခာများနှင့် စစ်သားများအားသယ်ပို့စေခြင်း စသည့်အဓမ္မလုပ်အားပေး ခိုင်းစေခြင်း များကိုလည်း ပြုလုပ်ခဲ့သည်။ ရခိုင်လူမျိုးများကို အဓိက ပစ်မှတ်ထားသည့်ပုံစံမျိုးတွေ့ရပြီး မကြာမကြာလည်း ညကင်းစောင့်ခိုင်းခြင်းများ ရှိပါသည်။ အရပ်သားများကို ပေါ်တာများအဖြစ် အဓမ္မခိုင်းစေခြင်းသာမက မြန်မာစစ်တပ်သည် စာသင်ကျောင်းများကိုလည်း စစ်တန်းလျားများအဖြစ်အသုံးပြုကြောင်း သာဓကတော်တော်များများကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ရှိခဲ့ရသည်။ ဤလုပ်ရပ်မှာ ကလေးသူငယ်များ၏ လုံခြုံရေးနှင့်အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်ပြီး ကလေးများ၏ ပညာသင်ကြားနိုင်ခွင့်ကိုလည်း ထိခိုက်စေပါသည်။

တိုက်ပွဲများပြင်းထန်လာပြီး အရပ်သားများနေထိုင်ရာဒေသများအနီးသို့ ရောက်လာသည့်အခါ ယင်းနေရာတွင် နေထိုင်နေကြသော လူမျိုးပေါင်းစုံတို့မှာ မိမိတို့၏ကျေးရွာ၊ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရပါသည်။ ယခု အစီရင်ခံစာကို ထုတ်ပြန်ချိန်အထိ ရခိုင်ပြည်နယ်အတွင်းတိုက်ပွဲများကြောင့် လူပေါင်း ၃၀၀၀၀ ကျော် နေအိမ်များမှ ထွက်ပြေးခဲ့ရပြီး ယာယီဒုက္ခသည်စခန်းများ၊ ကျောင်းများနှင့် ဘုန်းကြီးကျောင်းများတွင် ခိုလှုံနေကြရပါသည်။ သို့သော် မြန်မာ စစ်ဖက်နှင့် အရပ်ဖက်အာဏာပိုင်များက ယင်းဒေသများတွင် လူသားချင်းစာနာသည့် အကူအညီပေးမှုများကို တင်းတင်းကျပ်ကျပ်ကန့်သတ်ထားလိုက်သည့်အတွက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းအများစုက အကူအညီလိုအပ်နေသူများကို ကူညီခွင့်မရနိုင်ကြပါ။

အာဏာပိုင်များက ပဋိပက္ခများဖြစ်ပွားနေသည့် မြို့နယ်များအတွင်းနှင့် မြို့နယ်တစ်ခုနှင့်တစ်ခုအကြား ရိက္ခာ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ သယ်ဆောင်ခွင့်ကိုလည်း စိတ်မထင်ရင်မထင်သလို ကန့်သတ်နေသည့်အတွက် အခြေအနေကို ပိုဆိုးသွားစေပါသည်။
ဤသို့လုပ်ဆောင်ချက်မှာ မြန်မာစစ်တပ်က သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်မှုတွင်

သုံးလေ့ရှိသော ဖြတ်လေးဖြတ်နည်းဗျူဟာကို ကျင့်သုံးခြင်းဖြစ်ကြောင်းပေါ် လွင်ပါသည်။ ဖြတ်လေးဖြတ်ဆိုသည်မှာ တစ်ဘက်လက်နက်ကိုင်အဖွဲ့များအား ရိက္ခာ၊ ရန်ပုံငွေ၊ သတင်းအချက်အလက်နှင့် တပ်သားသစ်များမရရှိအောင် ဖြတ်တောက်ခြင်းဖြစ်ပြီး ဤဗျူဟာကြောင့် ဒေသခံလူထုအပေါ် ထိခိုက်မှုကြီးများလည်း ဖြစ်ပေါ် စေပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူဦးရေ အတော်များများမှာ နေ့စဉ်ဝမ်းစာအတွက် စိုက်ပျိုးရေးကို မှီခိုနေရသော လယ်သမားများဖြစ်ကြပြီး တိုက်ပွဲများကြောင့် မိမိတို့၏ လယ်ယာများဆီမသွားနိုင် မစိုက်ပျိုးနိုင်ကြသလို တောတွင်းသို့သွား၍ စားစရာရှာဖွေခြင်းများလည်း မပြုလုပ်နိုင်ကြပါ။ ထို့ကြောင့် တိုက်ပွဲများ ကြာရှည်လာလေ ရေရှည်အတွက် စားနပ်ရိက္ခာဖူလုံရေးမှာ စိုးရိမ်စရာ ဖြစ်လာလေ ဖြစ်နေပါသည်။ နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသော မြို့လယ်သမားတစ်ဦးက သူ၏ စိုးရိမ်ချက်ကို ယခုလိုပြောပြခဲ့ပါသည်။ "တစ်နှစ် လွတ်သွားရင် နောက်နှစ်အတွက်ပါ စိုးရိမ်ရတယ်။ အဲဒီအကျိုးဆက်က အနည်းဆုံး နောက်နှစ်နှစ်လောက်အထိ ခံကြရတာ။"

ယခု ပဋိပက္ခအတွင်း ချိုးဖောက်မှုအများစုကို မြန်မာစစ်တပ်က ပြုလုပ်ခဲ့သော်လည်း ရခိုင်တပ်ဖွဲ့ကလည်း လူများအား ဖမ်းဆီးခေါ် ဆောင်ခြင်း၊ ၎င်းတို့၏ လွတ်လပ်ခွင့်များကို စိတ်ထင်သလို ပိတ်ပင်ကန့်သတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ရသေ့တောင်မြို့နယ်မှ ရိုဟင်ဂျာ ၂ဦးအား အေအေတပ်ဖွဲ့ဝင်များက ပြန်ပေးဆွဲခေါ် ဆောင်သွားခဲ့သည်မှာ တစ်လနီးပါးကြာမြင့်ပြီ ဖြစ်သော်လည်း ဖမ်းခေါ် သွားခံရသူများ၏ ကံကြမ္မာနှင့် သူတို့ဘယ်မှာရှိသည်ကို မသိရပါ။ ရံဖန်ရံခါလည်း အေအေတပ်သားများက စစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်သည့်ပုံစံမှာ အရပ်သားရွာသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် အနေအထားမျိုး ဖြစ်နေပါသည်။

တိုက်ပွဲနှင့်ဆက်စပ်ဖြစ်ပေါ် သော ချိုးဖောက်မှုများအကြောင်း သတင်းတင်ပြသူများမှာလည်း ခြိမ်းခြောက်နှောက်ယှက်မှုများနှင့် ရင်ဆိုင်ကြရသည်။ စစ်တပ်၏ ကျူးလွန်ချိုးဖောက်မှုသတင်းများ တိုးပြီးထွက်ပေါ် လာချိန်တွင် လုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့ သုံးလေ့ရှိသည့် နည်းစနစ်များကို အသုံးပြုပြီး ၎င်းတို့အပေါ် ဝေဖန်ရေးသားမှုများကို နှုတ်ဆိတ်သွားအောင် ကြိုးပမ်းလာခဲ့သည်။ မကြာသေးမီလပိုင်းအတွင်းတွင် မြန်မာသတင်းဂျာနယ်သုံးခုမှ အယ်ဒီတာများကို တရားစွဲဆိုမှုများ ပြုလုပ်ခဲ့သည်။ ဤဖြစ်ရပ်များမှာ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ခြိမ်းခြောက်မှုများ ဆက်လက်ရှိနေကြောင်း ပြနေပြီး လွှတ်တော်အတွင်းတွင် အများစုနေရာရထားသော NLD အစိုးရအနေနှင့် ဖိနှိပ်ချုပ်ချယ်သော ဥပဒေများကို ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ ချက်ခြင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြသနေပါသည်။

မြန်မာစစ်တပ်က ရခိုင်ပြည်နယ်အတွင်း ဆိုးဝါးသောရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်များပေါ် ထွက်လာခြင်းမှာ ယခုအကြိမ်သည် ပထမဆုံး မဟုတ်ပါ။ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် အခြားသောအဖွဲ့အစည်းများက အသေးစိတ် မှတ်တမ်းတင်နိုင်ခဲ့သည့်အတိုင်း ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်၍ မြန်မာစစ်တပ်သည် ရခိုင်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအပေါ် စစ်ဆင်တိုက်ခိုက်မှုကြီး တစ်ခု ပြုလုပ်ခဲ့ပြီး အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများအပါအဝင် လူပေါင်းထောင်ချီပြီး သတ်ဖြတ်ခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အဓမ္မပြုကျင့်ခြင်း၊ အမျိုးသားများနှင့် ယောက်ျားလေးများကို ဖမ်းဆီးချုပ်နှောင်နှိပ်စက်ခြင်းနှင့် ရိုဟင်ဂျာတို့၏ အိမ်များ ရွာများကို မီးရှို့ဖျက်ဆီးခြင်းများကို ပြုလုပ်ခဲ့သည်။ ယင်းအကြမ်းဖက်မှုကြီးကြောင့် ရိုဟင်ဂျာ ၇၃၀၀၀၀ ကျော် နယ်စပ်ကို ဖြတ်ကျော်ပြီး အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်

နိုင်ငံဘက် ကို ထွက်ပြေးခဲ့ကြသည်။ ကုလသမဂ္ဂ၏ အချက်အလက် ရှာဖွေရေးအဖွဲ့ ကလည်း ထိပ်တန်းမြန်မာ စစ်ခေါင်းဆောင်များကို စုံစမ်းစစ်ဆေး၍ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများ အတွက်အရေးယူရန် တောင်းဆိုထားပါသည်။ သို့ရာတွင် မြန်မာတပ်ဖွဲ့ဝင်များသည် အရေးယူခံရမှုမှ ကင်းလွတ်လျက် ရှိနေပါသေးသည်။ စစ်တပ်၏ ကျူးလွန်မှုများအကြောင်း စုံစမ်းစစ်ဆေးမှုများမှာ ရှိခဲ့လျှင်သော်မှ လွတ်လပ်ခြင်းမရှိ၊ ယုံကြည်နိုင်လောက်စရာမရှိ၊ ဘက်လိုက်မှု ကင်းရှင်းခြင်းမရှိပဲ အရေးယူဆောင်ရွက်ခြင်းမှာလည်း မရှိသလောက်ဖြစ်ပါသည်။

ယခုအစီရင်ခံစာတွင် မှတ်တမ်းတင်ထားနိုင်သော ချိုးဖောက်မှု အများအပြားကို တပ်မတော်၏ တပ်မ ၂၂ နှင့် ၅၅ တို့က ပြုလုပ်ခဲ့ကြကြောင်း ခံရသူများက စစ်သားများ၏ ယူနီဖောင်းတွင် တပ်ဆင်ထားသော တံဆိပ်များကိုကြည့်ပြီး သိရှိခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အခြားဒေသများတွင် တပ်စွဲထားသော ဤတပ်ဖွဲ့များကို ရခိုင်ပြည်နယ်အတွင်း စေလွှတ်ခဲ့သည့် အမိန့်ကို ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုံးမှသာ ပေးခဲ့ခြင်း ဖြစ်နိုင်သည့် အတွက် လက်ရှိ အေအေအဖွဲ့အား စစ်ဆင်ရေးကို မြန်မာတပ်မတော်၏ ထိပ်ဆုံးပိုင်းမှ ကွပ်ကဲညွှန်ကြားနေခြင်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ အခြားသောချိုးဖောက်မှုများကို ရခိုင်ပြည်နယ် အခြေစိုက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်း တပ်ဖွဲ့များက ပြုလုပ်ခြင်းဖြစ်သည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် ရိုဟင်ဂျာများအပေါ် ချိုးဖောက်မှုများနှင့်လည်း ပတ်သက်စွပ်စွဲခံထားရပါသည်။ စစ်ရာဇဝတ်မှုများအပါအဝင် ချိုးဖောက်မှုများကို ရခိုင်ပြည်နယ်တွင် အခြေစိုက်တပ်စွဲထားပြီး ယခင် ရက်စက်မှုများနှင့် ပတ်သက်နေသောတပ်ဖွဲ့များကသာမက အသစ်ထပ်မံရောက်ရှိလာသော တပ်ဖွဲ့များကပါ ကျူးလွန်ခဲ့ခြင်းသည် မြန်မာနိုင်ငံတွင် စစ်တပ်က အဖွဲ့အစည်းအနေနှင့် စနစ်တကျဖိနှိပ်မှုများ ပြုလုပ်နေခြင်းကို သိသာထင်ရှားစေပါသည်။

မကြာသေးခင်နှစ်များအတွင်းကစ၍ နိုင်ငံတကာ၏ အာရုံစိုက်မှုအများအပြား ရှိလာခဲ့သော်လည်း မြန်မာစစ်တပ်အနေနှင့် ပြုပြင်ပြောင်းလဲမှုမျိုး လုံးဝမပြသေးပါ။ ယခုအစီရင်ခံစာဖော်ပြနေသည့်အတိုင်း ၎င်းတို့ နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် ခွဲခြားဖိနှိပ်မှုနှင့် အကြမ်းဖက်မှုကို ဆက်လက်ကျင့်သုံးရန်သာ ရည်ရွယ်ထားပုံရပါသည်။ အရပ်သားအစိုးရအနေနှင့်လည်း အရပ်သားများကို အကာအကွယ်ပေးပြီး၊ တရားမျှတမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုများရှိလာစေရန် လုပ်ဆောင်နိုင်စွမ်းမရှိသလို လုပ်လာမည့်အနေအထားလည်း မတွေ့ရပါ။ အစိုးရအနေနှင့် နောက်ပိုင်းတွင် လူသိထင်ရှားထုတ်ပြောလာသော အေအေအား ချေမှုန်းရန် ပေးထားသည့် အမိန့်ဖြင့် ဖိနှိပ်ရက်စက်မှုများကို အားပေးခြင်း၊ သဘောတူညီခြင်းများ ပြုလုပ်ခဲ့ရာပင် ရောက်ပါသည်။ နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော လုပ်ရပ်များအတွက် နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်မှုများ လိုအပ်ပါသည်။ ယခုအချိန်သည် နိုင်ငံတကာ အသိုင်းအဝိုင်း၊ အထူးသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာစစ်တပ်က ၎င်းတို့၏ ချိုးဖောက်မှုများကို ရပ်တန့်ရန်နှင့် ရက်စက်သောရာဇဝတ်မှုများကို ကျူးလွန်ခဲ့သူများကို တရားဥပဒေအတိုင်း ပြစ်ဒဏ်ပေးမည်ဖြစ်ကြောင်း ရှင်းလင်း တိကျသော သတင်းစကားပေးဖို့ အချိန်ဖြစ်ပေသည်။

# ၁။ နိဂုံးနှင့် အကြံပြုချက်များ

ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်က အစုလိုက် ရက်စက်စွာ ဖိနှိပ်ခဲ့သည့်အတွက် ရိုဟင်ဂျာ ၇၃၀၀၀၀ ကျော်နေအိမ်နှင့်နိုင်ငံကို စွန့်ခွာထွက်ပြေးခဲ့ရပြီးသည့်နောက် နှစ်နှစ်ပင်မကြာသေးသည့်အချိန်တွင် စစ်သားများသည် ရခိုင်ပြည်နယ်အတွင်း ပြန်ရောက်လာကြပြီး တိုင်းရင်းသားလူနည်းစု အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုအသစ်များ လုပ်လာကြပြန်ပါသည်။ ရခိုင်လက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်သော ရက္ခိုင့်တပ်မတော်က ၂၀၁၉ ဇန်နဝါရီလ ၄ ရက်နေ့တွင် ရဲစခန်းများကို အချိန်ကိုက်တိုက်ခိုက်မှုများ လုပ်ခဲ့ပြီးသည့်နောက် မြန်မာစစ်တပ်က ၎င်းတို့ လုပ်နေကျပုံစံအတိုင်း လက်နက်ကိုင်နှင့် အရပ်သား မခွဲခြားပဲ တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ စိတ်ထင်သလို ဖမ်းဆီးခြင်း၊ ဖမ်းဆီးပြီး သတင်းအစအနမရပဲ ပျောက်ဆုံးသွားခြင်း၊ ဥပဒေလက်လွတ် ကွပ်မျက်စီရင်ခြင်း၊ အရပ်သားများ၏ အိုးအိမ် ပစ္စည်းများကို လုယက်ဖျက်ဆီးခြင်းနှင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်းများ ပြုလုပ်ခဲ့သည်။

ချိုးဖောက်မှုအများစုကို မြန်မာစစ်တပ်က ပြုလုပ်ခဲ့သော်လည်း ရခိုင်တပ်ဖွဲ့ကလည်း အရပ်သားများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ၎င်းတို့၏ လွတ်လပ်ခွင့်များကို စိတ်ထင်သလို ပိတ်ပင်ကန့်သတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့လည်း ယခုကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ရမည်ဖြစ်ပြီး ကျူးလွန်သူများလည်း တာဝန်ယူရပါမည်။

တပ်မတော်အပေါ် ဩဇာမညောင်းသည့် အရပ်သား အစိုးရကလည်း ၂၀၁၈ နှစ်ကုန်ပိုင်းမှစ၍ စစ်ဘေးဒဏ်မှ ထွက်ပြေးနေရသည့် အရပ်သား ၃၀၀၀၀ ကျော် တို့ထံသို့ လူသားချင်းစာနာသည့် အထောက်အပံ့အကူအညီများ ပေးပို့နေသည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် တင်းကျပ်သည့် ကန့်သတ်မှုများ ချမှတ်ထားခြင်းဖြင့် လိုအပ်နေသူများထံ အကူအညီမပေးနိုင်ပဲ အခြေအနေကို ပိုမိုဆိုးဝါးစေခဲ့သည်။ ပဋိပက္ခနှင့် ဆက်စပ်လျက်ဖြစ်ပေါ်လာသော လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း ဖော်ထုတ်ရေးသားသည့် သတင်းသမားများနှင့် အခြားသူများမှာလည်း ခြိမ်းခြောက်နှောက်ယှက်မှုများခံရပြီး ဖမ်းဆီး တရားစွဲဆို အရေးယူခံရမယ့် အန္တရာယ်နှင့်ရင်ဆိုင်နေရပါသည်။

ယခု ချိုးဖောက်မှုအသစ်များသည် လူသားအဖြစ်ဖြစ်တည်မှုကိုဆန့်ကျင်သော ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်သည်ဟု စွပ်စွဲခံနေရသော မြန်မာစစ်တပ်သည် အရေးယူခံရမှုမှ ကင်းလွတ်နေသည့်အတွက် ဖြစ်ပေါ်လာသော အကျိုးဆက်များအဖြစ်

ထင်ထင်ရှားရှားပြနေပါသည်။ မြန်မာစစ်တပ်က ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ပြစ်မှုများ၊ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလူနည်းစုအပေါ် ရက်စက်ခဲ့မှုများအတွက် ယခုအထိ အဓိပ္ပါယ်ပြည့်ဝသည့် တာဝန်ခံ တာဝန်ယူမှုမျိုး မတွေ့ရသေးပါ။ ယခုနောက်ဆုံး ဖြစ်ပွားနေသည့် ပဋိပက္ခတွင် စစ်တပ်၏ အပြုအမူများက မြန်မာ့တပ်မတော်သည် ပြုပြင်ရေးအတွက် စိတ်ဝင်စားမှုမရှိ ဆိုသည်ကို ပြသနေပါသည်။ ဘင်္ဂလားဒေ့ရှ်သို့ရောက်ရှိနေသော ရိုဟင်ဂျာဒုက္ခသည် ၉၁၀,၀၀၀ ကျော်အတွက်လည်း ရခိုင်ပြည်နယ်အတွင်းမှ အခြေအနေများသည် ၎င်းသို့ နေရပ်ပြန်ရန် လုံခြုံမှုမရှိသေးဆိုသည်ကို သတိပေးနေသလို ဖြစ်ပါသည်။

နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော လုပ်ရပ်များအတွက် နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်မှုများ လိုအပ်ပါသည်။ သို့ရာတွင် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အဓိက တာဝန်ရှိသော ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ထိရောက်သော အရေးယူဆောင်ရွက်မှုမျိုး လုပ်ဆောင်ခြင်းမရှိသေးပဲ မြန်မာ့အရေးကို နိုင်ငံတကာရာဇဝတ်ခုံရုံး အိုင်စီစီသို့တင်ပြခြင်းလည်း မရှိသေးပါ။ စစ်တပ်မှ ချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေချိန်တွေ ယခုကဲ့သို့ တစုံတရာ တုံ့ပြန်အရေးယူဆောင်ရွက်ခြင်းမရှိပါက စစ်တပ်သည် ရခိုင်ပြည်နယ်သာမက အခြားနေရာများတွင်လည်း အရေးယူခံရမည်ကို အမှုထားစရာမလိုပဲ ဖိနှိပ်မှုများကို ဆက်လက်လုပ်ဆောင်နိုင်သည်ဟူသော အန္တရာယ်ကြီးလှသည့် သတင်းစကားကို ပါးလိုက်ရာ ရောက်နိုင်ပါသည်။

## မြန်မာ့တပ်မတော်သို့

- ပဋိပက္ခများဖြစ်ပွားနေသည့်ဒေသများနှင့် အပစ်ရပ်ထားသည့်ဒေသများတွင် လုပ်ဆောင်နေသည့် စစ်ဆင်ရေးများနှင့် ဆက်စပ်၍ဖြစ်စေ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေတို့ကို ချိုးဖောက်သည့် ရာဇဝတ်မှုများကျူးလွန်နေမှုကို ချက်ခြင်းရပ်တန့်၍ ကျူးလွန်မှုများကိုလည်း နှိမ်နင်းရန်၊ နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေပါ ပြဋ္ဌာန်းချက်များကို အတိအကျ လိုက်နာရန်
- နိုင်ငံတကာဥပဒေအရ ပြဋ္ဌာန်းထားသော ရာဇဝတ်မှုများနှင့်  နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတို့ကို ဆိုးဆိုးဝါးဝါးချိုးဖောက်သည်ဟု သံသယရှိစရာ မည်သူကို မဆို ရှေ့တန်းတာဝန်များမှ ချက်ခြင်းရုပ်သိမ်းရန်
- အရပ်သားများစုဝေးနေထိုင်နေသည့် နေရာတဝိုက်ရှိ စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ရာတွင် မော်တာနှင့် အမြောက်ကြီးများအစရှိသော နေရာ အကျယ်ကြီးကို ရောက်ရှိ ထိခိုက်စေနိုင်သည့် လက်နက်များ အသုံးပြုမှုကို ရပ်ဆိုင်းရန်
- ယခုအစီရင်ခံစာတွင် အမည်နှင့်တကွဖော်ပြထားသော သူများအပါအဝင် ဖမ်းဆီးခေါ်ဆောင်ခံရပြီးပျောက်ဆုံးနေသောသူများ၏ ကံကြမ္မာနှင့် ၎င်းတို့ မည်သည့်နေရာတွင်ရှိနေသည်ကို မိသားစုဝင်များနှင့် အခြားသက်ဆိုင်သူ များအား ချက်ခြင်းအသိပေးရန်နှင့် ၎င်းတို့အား ဖမ်းဆီးရသည့် အကြောင်းရင်း အသေးစိတ်အချက်အလက်ကို ပြောကြားရန်
- အရပ်သားများအား အဓမ္မလုပ်အားပေးခိုင်းစေမှုကို ရပ်တန့်ရန်၊ အရပ်သားများအား အချိန်တိုကလေးပဲဖြစ်စေ အဓမ္မခိုင်းစေသော စစ်သားနှင့် တပ်ရင်းတပ်ဖွဲ့များကို အရေးယူရန်

- နေရပ်မှထွက်ပြေးနေရသူများ အပါအဝင် အကူအညီလိုအပ်နေသူ အားလုံးထံသို့ အကူအညီများ ခွဲခြားမှုမရှိပဲ ရောက်ရှိစေရန် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိနေရာအားလုံးသို့ လူသားချင်းစာနာသည့် အကူအညီများပေးပို့ရောက်ရှိစေနိုင်ရန် ချက်ခြင်းခွင့်ပြု လုပ်ဆောင်ပေးရန်
- သမိုင်းဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦးများကို ထိခိုက်ပျက်စီးမှု မရှိစေရန် ၎င်းတို့နှင့် ထိစပ်လျက်ရှိသော နေရာများကို အသုံးပြုခြင်းမှ ရှောင်ကျဉ်ရန်နှင့် ယင်းနေရာများကို ဦးတည်တိုက်ခိုက်ခြင်း မပြုရန် တပ်ဖွဲ့ဝင်များအား ညွှန်ကြားထားရန်
- လူ့အခွင့်အရေးစောင့်ကြည့်မှတ်တမ်းတင်သူများ၊ လွတ်လပ်သော စောင့်ကြည့်သူများနှင့် ပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာများကို ရခိုင်ပြည်နယ် နေရာဒေသအားလုံးသို့ လွတ်လပ်စွာ အမြဲသွားလာခွင့်ပြုရန်
- ပဋိပက္ခများအတွင်း မည်သူ၏ ကျူးလွန်မှုကို မဆို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့တို့အား နိုင်ငံအတွင်း နေရာအနှံ့သို့ အတားအဆီးမရှိ သွားလာခွင့်ပြုရန်နှင့် ယင်းအဖွဲ့များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်

# မြန်မာအစိုးရသို့

- နေရပ်မှထွက်ပြေးနေရသူများ အပါအဝင် အကူအညီလိုအပ်နေသူ အားလုံးထံသို့ အကူအညီများ ခွဲခြားမှုမရှိပဲ ရောက်ရှိစေရန် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိနေရာအားလုံးသို့ လူသားချင်းစာနာသည့် အကူအညီများပေးပို့ရောက်ရှိစေနိုင်ရန် ချက်ခြင်းခွင့်ပြု လုပ်ဆောင်ပေးရန်
- အမိန့်ပေးစေခိုင်းနိုင်သူများနှင့် ရာထူးတာဝန်ကြီးကြီးမားမားရှိသူများ အပါအဝင် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်း၊ အခြားလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းများ ကျူးလွန်ရာတွင် ပါဝင်ပတ်သက်မှုရှိသည်ဟု သံသယရှိခံရသူများအား စုံစမ်းစစ်ဆေး၍ အရေးယူဆောင်ရွက်ရန် နိုင်ငံတကာ၏ ကြိုးပမ်းမှုများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်
- ယခုအစီရင်ခံစာတွင် အမည်နှင့်တကွဖော်ပြထားသော သူများအပါအဝင် ဖမ်းဆီးခေါ်ဆောင်ခံရပြီးပျောက်ဆုံးနေသောသူများ၏ ကံကြမ္မာနှင့် ၎င်းတို့ မည်သည့်နေရာတွင်ရှိနေသည်ကို မိသားစုဝင်များနှင့် အခြားသက်ဆိုင်သူ များအား ချက်ခြင်းအသိပေးရန်နှင့် ၎င်းတို့အား ဖမ်းဆီးရသည့် အကြောင်းရင်း အသေးစိတ်အချက်အလက်ကို ပြောကြားရန်
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းနှင့် စုဝေးခြင်း အခွင့်အရေးများကို ငြိမ်းချမ်းစွာ အသုံးပြုခဲ့ရုံမျှဖြင့် ဖမ်းဆီးအကျဉ်းချခံရခြင်း သို့မဟုတ် ၎င်းတို့၏ လွတ်လပ်ခွင့်များကို ရုပ်သိမ်းခံရခြင်းတို့ ခံနေရသူများအား ချက်ခြင်း ချွင်းချက်မရှိ ပြန်လွှတ်ပေးရန်နှင့် မိမိတို့၏ အခွင့်အရေးများကို ကျင့်သုံးရုံမျှဖြင့် တရားစွဲဆိုအရေးယူ အကျဉ်းချခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသူများအပေါ် စွဲဆိုချက်များကို ပယ်ဖျက်ပေးရန်

- နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ၊ စံနှုန်းများနှင့် ညီညွတ်မှုရှိစေရန် ၂၀၁၃ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) နှင့် မတရားသင်းဥပဒေအပါအဝင် လူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်၊ စုဝေးခွင့်များကို ဥပဒေနှင့် မညီပဲ ကန့်သတ်ထားသည့် ဥပဒေများအားလုံးကို ပြန်လည်သုံးသပ်၍ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများ ပြုလုပ်ရန်
- လူ့အခွင့်အရေး စောင့်ကြည့်မှတ်တမ်းတင်သူများ၊ လွတ်လပ်သော စောင့်ကြည့်သူများနှင့် ပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာများကို ရခိုင်ပြည်နယ် နေရာဒေသအားလုံးသို့ လွတ်လပ်စွာ အမြဲသွားလာခွင့်ပြုရန်
- လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အပြည့်အဝ ထိထိရောက်ရောက် အကောင်အထည်ဖော်ရန်၊ ယင်းသို့လုပ်ဆောင်ရာတွင် ရှင်းလင်းသောအချိန်ဇယား၊ တိကျသော ရည်မှန်းချက်နှင့် အောင်မြင်မှုကို တိုင်းတာသည့် သတ်မှတ်ချက်များ ချမှတ်ရန်၊ ဘဏ္ဍာရေး၊ လူသားရင်းမြစ်နှင့် နည်းပညာလိုအပ်ချက်များကို လေ့လာဖော်ထုတ်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှု တိုးတက်မှု အခြေအနေကို ပုံမှန်ထုတ်ပြန်ပေးရန်
- လက်နက်ကိုင် ပဋိပက္ခအတွင်း ယဉ်ကျေးမှုအမွေအနှစ်များထိခိုက်ပျက်စီးမှုကို ကာကွယ်တားဆီးခြင်းဆိုင်ရာ ပဋိညာဉ်ကို လက်မှတ်ထိုးထားသည့် နိုင်ငံတစ်ခုအနေနှင့် တိုက်ပွဲများအတွင်း ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများကို လေးစားပြီး အကာအကွယ်ပေးရန် ထိရောက်သော ဆောင်ရွက်မှုများ လုပ်ဆောင်ရန်
- အိုင်စီစီ၏ ရောမပဋိညာဉ်ကိုလက်မှတ်ရေးထိုးပြီး ၂၀၀၂ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အိုင်စီစီ၏ ဆုံးဖြတ်ချက်များကို လက်ခံမည်ဖြစ်ကြောင်း ကြေညာရန်နှင့် အိုင်စီစီ၏ ပြဋ္ဌာန်းချက်များကို ပြည်တွင်းဥပဒေများအတွင်း ထည့်သွင်း သတ်မှတ်ရန်
- နိုင်ငံတကာလူမှုနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူညီချက်၊ လူမျိုးရေးခွဲခြားမှု ပုံသဏ္ဍာန်မျိုးစုံကိုပယ်ဖျက်ရေး ကုလသမဂ္ဂဆိုင်ရာ သဘောတူညီချက်၊ ၁၉၅၄ ခု နိုင်ငံမဲ့ပုဂ္ဂိုလ်များ၏ အခြေအနေဆိုင်ရာ သဘောတူညီချက်၊ ၁၉၆၁ခုနှစ် နိုင်ငံမဲ့ဖြစ်မှု လျှော့ချရေးဆိုင်ရာ သဘောတူညီချက်၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားလူမဆန်သော၊ လူ့ဂုဏ်သိက ္ခာကိုကျဆင်းစေသော ဆက်ဆံပုံ၊ ပြစ်ဒဏ်ပေးပုံများကို ဆန့်ကျင်သော ကုလသမဂ္ဂသဘောတူညီချက်များအပါအဝင် လူ့အခွင့်အရေးဆိုင်ရာ အဓိက နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ်များနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသော လိုက်နာရန် ကျင့်ထုံးများကို အချိန်ဆွဲခြင်း၊ စောင့်ကြည့်ခြင်းများ မလုပ်ပဲ လက်မှတ်ရေးထိုး လိုက်နာရန်
- နိုင်ငံတကာဥပဒေများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များအား မည်သူ၏ ကျူးလွန်မှုကိုမဆို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့တို့အား နိုင်ငံအတွင်း နေရာအနှံ့သို့ အတားအဆီးမရှိ သွားလာခွင့်ပြုရန်နှင့် ယင်းအဖွဲ့များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်

## ရက္ခိုင့်တပ်မတော်သို့

- နိုင်ငံတကာ လူသားချင်းစာနာသည့်ဥပဒေကို ချိုးဖောက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ချက်ခြင်းရပ်တန့်ရန်နှင့် ကျူးလွန်မှုများကို နှိမ်နင်းရန်၊ နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေပါ ပြဌာန်းချက်များကို အတိအကျ လိုက်နာရန်
- အရပ်သားများ နေထိုင်နေသည့်ဒေသများအတွင်း တပ်ဖွဲ့များကို ဖြတ်သန်းရွှေ့ပြောင်းခြင်း၊ စခန်းချခြင်းများကို ဖြစ်နိုင်သမျှ ရှောင်ကျဉ်ရန်
- အရပ်သားများစုဝေးနေထိုင်နေသည့် နေရာတဝိုက်ရှိ စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ရာတွင် မော်တာနှင့် အမြောက်ကြီးများအစရှိသော နေရာ အကျယ်ကြီးကို ရောက်ရှိ ထိခိုက်စေနိုင်သည့် လက်နက်များ အသုံးပြုမှုကို ရပ်ဆိုင်းရန်
- အရပ်သားများအား ပြန်ပေးဆွဲဖမ်းဆီးမှုကို ရပ်တန့်ရန်၊ ဖမ်းဆီးထားသော အရပ်သားများကို ချက်ခြင်းပြန်လွှတ်ရန်၊ ဆက်လက်ဖမ်းဆီးထားသော အရပ်သားဖြစ်စေ၊ စစ်သားဖြစ်စေတို့၏ မိသားစုများကို အသိပေးအကြောင်းကြားရန်နှင့် ဖမ်းဆီးခံထားရသူများအား ၎င်းတို့၏ မိသားစုများနှင့် ဆက်သွယ်ခွင့်ပြုရန်
- အရပ်သားများအား အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများကို ရပ်တန့်ရန်
- နိုင်ငံတကာ လူသားချင်းစာနာသည့်ဥပဒေကို ချိုးဖောက်သူ လူ့အခွင့်အရေးချိုးဖောက်သည်ဟု သံသယရှိစရာ လူများကို တပ်ဖွဲ့အတွင်းမှ ထုတ်ပယ်ရန်
- သမိုင်းဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများကို ထိခိုက်ပျက်စီးမှု မရှိစေရန် ၎င်းတို့နှင့် ၎င်းတို့နှင့် ထိစပ်လျက်ရှိသောနေရာများကို အသုံးပြုခြင်းမှ ရှောင်ကျဉ်ရန်နှင့် ယင်းနေရာများကို ဦးတည်တိုက်ခိုက်ခြင်း မပြုရန် တပ်ဖွဲ့ဝင်များအား ညွှန်ကြားထားရန်
- ပဋိပက္ခများအတွင်း မည်သူ၏ ကျူးလွန်မှုကို မဆို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့တို့အား အေအေက ထိန်းချုပ်ထားသောနေရာများနှင့် အေအေအဖွဲ့ လှုပ်ရှားနေသောနေရာ များသို့ သွားလာခွင့်ပြုရန်နှင့် ယင်းအဖွဲ့များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့

- မြန်မာနိုင်ငံတွင်းမှ အခြေအနေကို နိုင်ငံတကာရာဇဝတ်မှုခုံရုံးသို့ တင်ပြရန်
- မြန်မာနိုင်ငံကို လက်နက်တင်ပို့ရောင်းချမှုအားလုံး ပိတ်ဆို့ရန်၊ လက်နက်၊ ခဲယမ်းမီးကျောက်နှင့် အခြားစစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာပစ္စည်းများ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ရောင်းချခြင်း၊ ထောက်ပံ့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ လက်နက်ပစ္စည်းများကို ကြားခံရယူစေခြင်း၊ စစ်ဘက်နှင့် လုံခြုံရေးဘက်ဆိုင်ရာ ထောက်ပံ့ကူညီခြင်းနှင့် သင်တန်းပေးခြင်း တို့ကိုတားမြစ်ခြင်းနှင့်

ယင်းပိတ်ဆို့အရေးယူမှုကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် စောင့်ကြည့်ရေးလုပ်ငန်းစဉ်တစ်ခု ချမှတ်ရန်။

- ဆိုးဝါးသော ချိုးဖောက်ကျူးလွန်မှုများအတွက် တာဝန်ရှိသော အရာရှိကြီးများကို ဦးတည်ပစ်မှတ်ထားသော ဘဏ္ဍာရေးပိတ်ဆို့အရေးယူမှုများ ဆောင်ရွက်ရန်
- ၂၀၁၈ မေလ ၁၁ရက်နေ့က လုံခြုံရေးကောင်စီဥက္ကဌက မြန်မာအာဏာပိုင်များထံသို့ ပေးပို့ခဲ့သောစာကို ဆက်လက်အကောင်အထည်ဖော်၍ မြန်မာနိုင်ငံတွင်း တာဝန်ယူ တာဝန်ခံမှုအခြေအနေများ တိုးတက်မှုကို အကဲဖြတ်ရန် အတွက် အမြန်ဆုံး မြန်မာနိုင်ငံသို့ နောက်ထပ်လာရောက်ခွင့် တောင်းခံရန်
- ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့က ၎င်းတို့၏ နောက်ဆုံး အစီရင်ခံစာနှင့်တွေ့ရှိချက်များကို ၄၂ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းပြီးချိန်တွင် အဖွဲ့ ဥက္ကဌကို ဖိတ်ကြား၍ ရှင်းလင်းပြောကြားစေရန်
- မြန်မာနိုင်ငံ အခြေအနေများနှင့် ပတ်သက်၍ ပုံမှန် ပွင့်လင်းသည့် အစည်းအဝေးများ ကျင်းပ၍ လိုအပ်သလို ဆုံးဖြတ်ချက်များချမှတ်ပြီး မြန်မာအာဏာပိုင်များအား ပြည်တွင်းတွင် လူသားချင်းစာနာသည့် အကူအညီများ ပေးအပ်မှုကို တားဆီးပိတ်ပင်ခြင်း မပြုပဲခွင့်ပြုရန်၊ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်၏ လုပ်ငန်းများ စတင်ချိန်တွင် ၎င်းတို့နှင့် အခြား လွတ်လပ်သောစုံစမ်းစစ်ဆေးသူများအား နိုင်ငံတွင်း အတားအဆီးမရှိ လုပ်ငန်းဆောင်ရွက်နိုင်ဖို့ ခွင့်ပြုရန်နှင့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများအား အရေးယူဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထောက်ခံရန်အတွက် ရှင်းလင်းသော သတင်းစကားပေးရန်။

## ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့သို့

- ရခိုင်ပဋိပက္ခအတွင်း နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်သောသူ အားလုံး၏ ကျူးလွန်မှုများကို စုံစမ်းစစ်ဆေး၍ တွေ့ရှိချက်အသေးစိတ်နှင့် အကြံပြုချက်များကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ၄၂ကြိမ်မြောက် ညီလာခံသို့တင်သွင်းရန်

## နိုင်ငံတကာအသိုင်းအဝိုင်း တစ်ခုလုံးနှင့် အထူးအားဖြင့် မြန်မာနိုင်ငံ၏ မိတ်ဖက်များဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယသို့

- မြန်မာနိုင်ငံကို လက်နက်၊ ခဲယမ်းမီးကျောက်နှင့် အခြားစစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာပစ္စည်းများ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ရောင်းချခြင်း၊ ထောက်ပံ့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ လက်နက်ပစ္စည်းများကို ကြားခံရယူစေခြင်း၊ စစ်ဘက်နှင့် လုံခြုံရေးဘက်ဆိုင်ရာ ထောက်ပံ့ကူညီခြင်းနှင့် သင်တန်းပေးခြင်း တို့ကို ချက်ချင်းရပ်ဆိုင်းရန်

- နစ်ဦးနစ်ဘက် သဘောတူညီမှု အစီအစဉ်အရဖြစ်စေ၊ အဖွဲ့အများနှင့်ဖြစ်စေ၊ ဒေသဆိုင်ရာ အဖွဲ့များနှင့်ဖြစ်စေ မိမိတို့တွင် ရှိထားသော ရနိုင်သမျှ နေရာစုံကို အသုံးပြု၍ မြန်မာအာဏာပိုင်များကို နိုင်ငံတကာ ဥပဒေအရ သတ်မှတ်ထားသည့် ရာဇဝတ်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်ဖို့ နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအရာရှိများ ရခိုင်ပြည်နယ်အတွင်းသို့ ဝင်ရောက်ခွင့်ရစေရန်ခွင့်ပြုဖို့ တိုက်တွန်းရန်
- မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားအဖွဲ့ (IIMM) ကိုထောက်ခံပြီး ၎င်းတို့အစောဆုံး လုပ်ငန်း စတင်လည်ပတ်နိုင်ရန်နှင့် ၎င်း၏ လုပ်ပိုင်ခွင့်တာဝန်များကို ပြည့်ဝစွာ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောနိုင်ငံရေး ကျောထောက်နောက်ခံပေးရန်နှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို ရရှိစေဖို့ အာမခံပေးရန်
- မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုနှင့် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော ပြစ်မှုများကို ချိုးဖောက်ကျူးလွန်သည်ဟု သံသယရှိနိုင်စရာ မည်သူကိုမဆို စုံစမ်းစစ်ဆေးနိုင်သော အပြည်ပြည်ဆိုင်ရာ ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်ပုံစံမျိုးစုံကို အသုံးပြုရန်။ ယင်းသို့ ရာဇဝတ်မှုများ ကျူးလွန်ကြောင်း လုံလောက်သော သက်သေအထောက်အထားရှိပါက သေဒဏ်ချမှတ်ခြင်း၊ စီရင်ခြင်းများ မပါဝင်သော နိုင်ငံတကာစံနှုန်းများအရ မျှတသော စီရင်မှုမျိုးဖြင့် တရားစွဲဆိုပြစ်ဒဏ်ပေးရန်၊ ထိုသို့ပြုလုပ်ရာတွင် တရားခံအား သေဒဏ်ပြစ်ဒဏ် ချမှတ်နိုင်သော စီရင်မှုရှိသည့်နေရာမျိုးသို့ လွှဲပြောင်းပေးအပ်ခြင်း မပြုရန်။

## ဥရောပသမဂ္ဂနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သို့

- ဆိုးဝါးသောရာဇဝတ်မှုများအတွက် တာဝန်ရှိသော မြန်မာအရာရှိကြီးများ အားလုံးအပါအဝင် ဖြစ်စေရန် ပိတ်ဆို့အရေးယူမှု ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် ရှိပြီးသား ဦးတည်ပြစ်မှတ်ထား ပိတ်ဆို့အရေးယူမှုကို တိုးချဲ့ လုပ်ဆောင်ရန်